# ၁၉၅၄ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၄။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်များမှ စုစုပေါင်း ကျပ်ငွေ ၁,၅၃,၆၀,၂၇,၀၀၀ (ဤအက်ဥပဒေ နောက်ဆက်တွဲဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ငွေချေးယူခြင်း။

၂။ ။(၁) ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် နှစ်အတွင်းတွင်စုစုပေါင်းကျပ်ငွေ ၁,၁၁,၁၉,၆၆,၀၀၀ ထက် မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေချေးစာချုပ်များ ထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍၎င်း၊ပြန်ဆပ်ရန်၊ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များထား၍၎င်း အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ပါလီမန်၏အက်ဥပဒေများအရသော်၎င်း၊ နိုင်ငံတော်သမတက တရားဥပဒေနှင့်အညီ ထုတ်ပြန်သောအမိန့်များအရသော်၎င်း ဖွဲ့စည်းထားသောအဖွဲ့များက၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင်များက ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ဖြင့်ချေးယူသည့်ငွေများကိုကျသင့်သောအတိုးနှင့်တကွ ပေးဆပ်ရန်အတွက် ဘဏ္ဍာရေး ဝန်ကြီးကတာဝန်ခံနိုင်သည်။ သို့သော် ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွင်း၊ ဤကဲ့သို့တာဝန်ခံသည့်ချေးငွေစုစုပေါင်းသည် ကျပ်ငွေ ၅၀ ကုဋေထက်မပိုစေရ။

(၃) ဤအက်ဥပဒေအရ ချေးယူရရှိသောငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၄) ဤအက်ဥပဒေအရထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

## နောက်ဆက်တွဲဇယား။

| အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|---|
| | | | ကျပ်။ |
| အကောက်တော်နှင့် နိုင်ငံတွင်းအကောက်တော် | ... | ... | ၃၀,၃၀,၀၀၀ |
| အမြတ်တော်ခွန် ... | ... | ... | ၁၉,၁၇,၀၀၀ |
| မြန်မာနိုင်ငံတော် အောင်ဘာလေဆိုင်းဆု | ... | ... | ၆,၅၀,၀၀၀ |

အဘိုး—၁၀ ပြား]

## နောက်ဆက်တွဲဇယား။ ။အဆက်။

| အစိုးရဌာန။ | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|
| | ကျပ်။ |
| မြေခွန်တော် ... ... ... ... | ၉၅,၀၀,၀၀၀ |
| ယစ်မျိုး ... ... ... ... | ၂၉,၉၂,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့် မှတ်ပုံတင်မှု ... ... | ၃,၀၄,၀၀၀ |
| သစ်တော ... ... ... ... | ၇၀,၀၀,၀၀၀ |
| အခြားအခွန်တော်များနှင့် အကောက်တော်များ ... ... | ၁၀,၆၄,၀၀၀ |
| ဆည်မြောင်း အစရှိသည့်လုပ်ငန်းများ ... ... | ၁,၂၂,၀၀,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း ... ... ... | ၁,၇၉,၀၈,၀၀၀ |
| အတိုးနှင့်ကြွေးမြီ ... ... ... | ၅၀,၅၉,၈၀၀ |
| ပါလီမန် ... ... ... ... | ၂၄,၆၃,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... ... ... | ၃,၂၉,၆၄,၀၀၀ |
| စာရင်းစစ် ... ... ... ... | ၃၇,၄၅,၀၀၀ |
| တရားရေး ... ... ... ... | ၇၅,၁၈,၀၀၀ |
| အကျဉ်းထောင်များ ... ... ... | ၇၃,၄၅,၀၀၀ |
| ရဲအဖွဲ့ ... ... ... ... | ၈,၁၀,၀၀,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ ... ... | ၁,၂၁,၃၀,၀၀၀ |
| သာသနာရေးကိစ္စများ ... ... ... | ၈၅,၈၁,၀၀၀ |
| နိုင်ငံခြားရေး ... ... ... | ၄၇,၄၃,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ ... ... | ၂၇,၀၆,၀၀၀ |
| ပညာရေး ... ... ... ... | ၉,၇၀,၀၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး ... ... | ၃,၄၉,၀၆,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးဝါသရေး၊ သမဝါယမ ငွေစုငွေချေး လုပ်ငန်းနှင့်ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး ... | ၈,၁၂,၂၄,၀၀၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ ... ... ... | ၁၅,၅၇,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှု ... ... ... | ၂၃,၈၃,၀၀၀ |
| အထွေထွေဌာနများ ... ... ... | ၃,၄၄,၅၄,၀၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါး သေည်များနှင့်ဒင်္ဂါးသွန်းစက်ရုံ ... ... | ၃,၅၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၂,၅၀,၀၀,၀၀၀ |
| ပင်ရှင်လစာငွေများ ... ... ... | ၁,၉၇,၁၇,၀၀၀ |
| စာရေးကိရိယာနှင့် ဓာတ်ပုံနှိပ်ခြင်း ... ... ... | ၅၀,၇၅,၀၀၀ |
| အထွေထွေ ... ... ... ... | ၁,၄၀,၄၈,၀၀၀ |
| ကာကွယ်ရေး ... ... ... ... | ၂၇,၀၀,၀၀,၀၀၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ ... ... | ၃,၁၅,၀၀,၀၀၀ |
| စစ်ကြောင့်ယွက်ခွာမသွားမီ တင်ရှိသည့်ကြွေးမြီတာဝန်များ ... | ၁၉,၉၅,၀၀၀ |
| အကောက်တော်အတွက် မ,တည်ငွေရင်း ... ... | ၇၀,၀၀၀ |
| သစ်တောအတွက် မ,တည်ငွေရင်း ... ... | ၁၄,၃၉,၀၀၀ |
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း ... ... | ၁,၀၄,၀၀,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၁,၇၄,၄၂,၀၀၀ |
| စာရင်းစစ်အတွက် မ,တည်ငွေရင်း ... ... | ၁၃,၀၀၀ |
| ရဲအဖွဲ့အတွက် မ,တည်ငွေရင်း ... ... ... | ၁၆,၀၀,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့်မီးပြတိုက်များအတွက် မ,တည်ငွေရင်း ... | ၂,၁၅,၀၀,၀၀၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း ... ... | ၁၀,၀၀,၀၀၀ |

## နောက်ဆက်တွဲဇယား။ ။အဆုံး။

| အစိုးရဌာန။ | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|---|
| | | | ကျပ်။ |
| လောကဓါတ်ပညာဆိုင်ရာဌာနများအတွက် မ,တည်ငွေရင်း | | ... | ၅,၀၂,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း | ... | ... | ၂,၀၇,၀၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း | ... | ... | ၆၄,၇၀,၀၀၀ |
| လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း | ... | ... | ၅,၀၀,၀၀၀ |
| လေကြောင်းပို့သန်းသွားလာမှုအတွက် မ,တည်ငွေရင်း | | ... | ၁,၅၀,၀၀,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း | ... | ... | ၂၀,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း | ... | ... | ၇,၀၁,၀၀,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း | | ... | ၀၃,၀၀,၀၀,၀၀၀ |
| စက်မှု လက်မှုတိုးတက်ရေးအတွက် မ,တည်ငွေရင်း | ... | ... | ၁,၅၈,၀၀,၀၀၀ |
| ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် တိုင်းကော်မီတီများအသုံးပြုရန်အထူး ထောက်ပံ့ငွေများ | ... | ... | ၁,၁၀,၀၀,၀၀၀ |
| စီးပွါးရေးပူးပေါင်းဆောင်ရွက်မှုစာချုပ် အပိုင်း ၁၊ အပိုဒ် ၂(ခ)အရပေး ရန်ငွေ | ... | ... | ၅၀,၀၀,၀၀၀ |
| နိုင်ငံတော်ကုန်သွယ်ရေးဌာနဝယ်ရေးဘက်အတွက် မ,တည်ငွေရင်း | | ... | ၉၀,၀၀၀ |
| မြန်မာ-အိန္ဒိယခွဲခွါရေးကြွေးမြီကို အိန္ဒိယအစိုးရသို့ ပြန်လည်ပေးဆပ်ခြင်း | | | ၆,၉၄,၀၀,၀၀၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ချေးငွေများ | | ... | ၂၄,၉၀,၀၀,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင် ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြိုတင် ထုတ်ပေးငွေများ | ... | ... | ၀၀,၁၇,၄၇,၀၀၀ |
| | ပေါင်း | ... | ၁,၅၃,၆၀,၂၇,၀၀၀ |

ပ၊မ၊ဗ၊စ၊—အမှတ် ၅၊ ဂြေ းရေးဝန်ကြီးဌာန၊ ၁၅-၁၀-၅၄— ၂,၀၀၀—၂။